
ဝင်း ရေး
အကျိုးတော်ဆောင်

# အကျိုးတော်ဆောင်

ဂုဏ်ဝင်း-ရေးသည်

ပန်းချီသရုပ်ဖော်-စာပေဗိမာန် ပန်းချီဌာန

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ဟေသာ ယုမွန်

## ၁၉၆၂ - ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ(မှတ်ပုံတင်)အက်ဥပဒေပုဒ်မ-၇ (၁) အရ၊ ပေးအပ်သော ဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော် ဦးမြတ်စိုး သည် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါ ဝန်ခံချက်များနှင့်အညီထာဝစဉ် ဆောင်ရွက်ရန် ကတိခံဝန်ချက် ပြုပါ သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောမည်သည့် အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(ခ) ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်ရင်း၊ ယုံကြည်မှုကိုသော်ရင်းမည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရွေ့ရှားချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင် မည်သို့သော နိုင်ငံရေးအာဏာရှင် စံနစ်မျိုးကိုမဆို ရွေ့ရှားရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများတည်းရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီ စံနစ်ကို ပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့် အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ ( Secret Police ) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုး တည်ထောင်ခြင်းကိုသော်ရင်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်ရင်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရုံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်းမပြုပါ။

လုပ်ငန်းအမည် စာပေဗိမာန်

ထုတ်ဝေသူ၏လက်မှတ်

ဆိပ်စာအပြည့်အစုံ ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့

# အကျိုးတော်ဆောင်

"ဒါကတော့ တမင် သက်သက် ညစ်ပတ်တာပါဗျာ။ ဟုတ်ပါတယ်" ဟု ပြည်ကြီးအောင် ကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ဟောင်း ဦးမောင်တင်က ပြောဆိုလိုက်လေ၏။

ဦးမောင်တင်သည် အသက် လေးဆယ်ခန့်သာ ရှိသေး၏။ အသားဖြူဖြူ အရပ် ထောင်ထောင်မောင်းမောင်းနှင့် ရွှေကိုင်း မျက်မှန်ကို တပ်ဆင်ထား၏။ တည်ကြည် ခန့်ညားသော ရုပ်ရည်ရှိလျက် စကားပြောလျှင် အမြဲတမ်း အသံကိုနှိမ့်ချ၍ပြောဆိုလေ့ရှိ၏။ အဝတ်အစားကိုလည်း သပ်ယပ်သန့်ရှင်းစွာ ဝတ်စားဆင်ယင် တတ်လေသည်။

နေလည်းညိုပြီ။ သို့သော် လေချိုကမသွေး။ နွေအပြေးမိုးအကူး လေပူကြီးသာလျှင် သရမ်း မြူးထူးလျက် ရှိ၏။ ညနေပိုင်းတွင် မိုးထစ်ချုန်းရွာနိုင်ဘွယ်ရှိသည်ဟု မိုးလေဝသဌာနက ခန့်မှန်းခြေဟောကိန်း ထုတ်ခဲ့သော်လည်း ကောင်းကင်သည် ကြည်လင်နေ၏။ မိုးသား တိမ်ရိပ်ဆို၍ တလိပ်ကလေးမျှ မမြင်မတွေ့ရ။

ဦးမောင်တင်တို့ စကားပြောနေသည့်နေရာကား၊ ရန်ကုန်မြို့လည်၊ တရုပ်ဆိုင် တဆိုင် အတွင်းဖြစ်၏။ မိတ်ဆွေများသည် ဦးမောင်တင် ပြောအံ့သောစကားကို စိတ်အားထက်သန်စွာစောင့်မြော်နေကြသည်။ ဦးမောင်တင်က ဆက်၍ "ဘယ်သူ ညစ်ပတ်တယ်ဆိုတာ ကျုပ် ကောင်းကောင်း သိပါသဗျာ။ ဘာ့ ကြောင့်

ကျုပ်အပေါ်မှာ ဒီလို ညစ်ပတ်တယ်ဆိုတာလဲ ကျုပ်သိသပေါ့။ ဒါပေမဲ့ ကျုပ်အဖို့ ခုလိုဖွင့်ပြောရုံမှတပါး တခြားဘာမှ ပတတ်နိုင်သလောက်ဘဲဗျ။ ကျုပ်အခံပြင်းဆုံးကတော့ အဲဒီပဟဝှာနဲ့ အတူတူထိုင်ပီး စကားပြောမိတာ စုစုပေါင်းရှိလှမှ ဆယ့်လေးငါးမိနစ်ပါဗျာ။ ဒီအထဲ အချိန် တငက်ကျော်ကျော်လောက်ဟာပူတဲ့ အိုက်တဲ့အကြောင်း၊ မိုးမရွာနိုင်တဲ့အကြောင်း ပူလွန်း အိုက်လွန်းလို့ အလုပ်မလုပ်ချင်တဲ့ အကြောင်းတွေသာ ပြောမိခဲ့ပါတယ်။ ”

ငွေကိုင်စာရေးကြီး ဦးမောင်တင်သည် စကားကို ခေတ္တဖြတ်ထားလိုက်ပြီးလျှင် ဖန်ခွက်ကိုကောက်၍ ဘီယာကလေး တကျိုက်နှစ်ကျိုက်သောက်လိုက်၏။ ထို့နောက် နှုတ်ခမ်းတွင် ပေသွားသောအမြှုပ်များကို လက်ခုံဖြင့်သပ်၍ သုတ်ပစ်လိုက်ပြီးလျှင် စကားကိုဆက်ပြန်၏။

“ကျုပ်ဟာ အတော်ကုသိုလ်ဆိုးတဲ့ လူတယောက်ပါဗျာ။ အဟုတ်ဘဲ။ ဘယ်လိုကုသိုလ်လဲမသိဘူး၊ သဝင်ကြောင်မှုနဲ့ပတ်သက်ပီး ကျုပ်လောက် အထင်လွဲခံရတဲ့လူ၊ အစွပ်စွဲအပြောအဆိုခံရတဲ့လူ လောကမှာ ရှိမယ်မထင်ဘူး။ ဒီလိုဆိုတော့ ကျုပ်ကမျှား သဝင်ကြောင်တယ်မျှား မအောက်မေ့လိုက်နဲ့နော်။ သူတပါးက ကျုပ်အပေါ်မှာ သဝင်ကြောင်တာကို ပြောတာဗျို့။ ဘယ်လောက်များသဲသလဲဆို ကျုပ်မိန်းမဟာ ကျုပ်နဲ့ ညားပီးတဲ့အချိန်ကစပီးတော့ ကျုပ်အပေါ်မှာ သဝင်ကြောင်စိတ် မွေးတော့တာပါဘဲဗျာ။ သဝင်မကြောင်ရဘူးလို့ ကျုပ်မပြောချင်ပါဘူး။ ဒါပေမဲ့ ကဲလွန်း သဲလွန်းတော့ အင်မတန်အခံရဆိုးသဗျ။ ဘယ့်နဲ့ဗျာ

နေ့တိုင်းတစေ ကျုပ်အိမ်ကလှေကားထစ် သုံးထစ်လောက် ဆင်းမိဘီ ဆိုယင်ဘဲ ကျုပ်မိန်းမရဲ့ အထောက်တော် အကောင်ကလေးတွေက ကျုပ်နောက်တော်ပါးက ဘဝါးခြေထပ် ကပ်ပါလာကြကုန်ရော။ မြေအောက်အိမ်သာတွေ ဖွင့်စမို့ အထူးအဆန်းရယ်လို့ ပိုက်ဆံဆယ်ပြားပေးပီး အပေါ့ဝင်သွားတဲ့ သတင်းတောင် ကျုပ်မိန်းမရဲ့နား ပေါက်ကြားသဗျို၊ ကုန်ရော။

"တခါတော့ ကျုပ်မိန်းမရဲ့ အထောက်တော် ကောင်ကလေးတကောင်ကို အမြင်ကပ်ကပ်နဲ့ နရင်း တချက် တီးလွှတ်လိုက်မိတာ အိမ်ပြန်ရောက်တော့ လားလား.... ကျုပ်မိန်းမနဲ့ ကျုပ်နဲ့ နှစ်ပါးသွားစကားများကြရတော့တာပါဘဲ။ ခေါင်းလိမ်းဆီ တပုလင်းလောက် ဝယ်ချင်လို့ ဗိုလ်ချုပ်ဈေးထဲ လျှောက်ကြည့်မိတာကို နရင်းတီး ခံလိုက်ရတဲ့ ကောင်ကလေးက ဈေးထဲမှာ ကျုပ် ဇာဘော်လီ ဝယ်နေတာကို မြင်ရပါတယ်လို့ အိမ်ကိုပြန်ပီး သံတော်ဦးတင်ထားနှင့်တာကိုး။

"နေအုံး....နေအုံး.... ကျုပ်ပြောချင်တဲ့အကြောင်းကို ခုထက်ထိ မရောက်သေးဘူး။ သူတည်းတယောက်၊ ကောင်းဘို့ရောက်မူ၊ သူတယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာဆိုတဲ့ ကျုပ်တို့ကျောင်းမှာတုန်းက သင်ခဲ့ရဘူးတဲ့ အနန္တသူရိယ အမတ်ရဲ့ လင်္ကာလေးကို သူတပါးအတွက် စိတ်ကောင်း စေတနာကောင်းလေးတခုထားမိခဲ့တဲ့အတွက် ကျုပ်မှာ လှလှကြီး ဒုက္ခထီးဆောင်း ဖြစ်ခဲ့ရတဲ့ အကြောင်းကိုများ နားထောင်စမ်းပါအုံး။ ကျုပ်ကလဲ ကျုပ်ပါဘဲ။ ကျုပ် လုပ်နေကျ အလုပ်တခု မဟုတ်ဘဲ။ စိတ်

ကောင်းလေးတခုနဲ့ ဝင်ရှုပ်မိခဲ့တယ်။ သူတပါးအကျိုးကို ဆောင်မိတဲ့အတွက် ကျုပ်မှာ ကံကြီးလို့ ထောင်နန်း မစံရတာပေါ့ဗျာ။ အင်း - တွေးမိတိုင်း ကျောချမ်းပါသေးရဲ့။

"ကျုပ် အကျိုးဆောင်ပေးခဲ့ ရတဲ့ လူကတော့ဖြင့် တခြားလူ မဟုတ်ဘူးဗျ။ ကျုပ်တို့ရဲ့ ကုမ္ပဏီပိုင်ရှင် မန်နေဂျာ သူဌေး ဦးဘထွန်းတင်ဘဲပေါ့။ ဦးဘထွန်းတင်ဟာ အသက်လေးဆယ့်ငါး နှစ်သာရှိသေးတဲ့ မုဆိုးဘို သူဌေးတယောက်ဗျ။ မိန်းမ မသေခင် ကလေးမှာ မိန်းမဖက်က ပစ္စည်းလေးငါးဆယ်သိန်း ခင်းလောက် အမွေရလိုက်တယ်။ အဲဒီနောက် သုံးလလောက်လဲကြာရော သူ့ မိန်းမလဲ ဆေးရုံမှာ မမာမကျန်းဖြစ်ပြီး ဆုံးသွားတာပါဘဲ။ သားသမီးလဲ တယောက်မှ မကျန်ရစ်ခဲ့ဘူး။ မိန်းမသေပြီးလို့ တနှစ်လောက်လဲ ကြာရော ကျုပ်တို့ သူဌေး ဦးဘထွန်းတင်ဟာလဲ နောက်မိန်းမ ယူတော့မလိုလို လေသံပစ်လာတော့တာပါဘဲဗျာ။ အင်း-မိန်းမ သေကာစတုန်းကတော့ တလပြေ့တဲ့ နေ့မှာ အထူး ကြေကွဲလွမ်းဆွတ် သတိရကြောင်း သတင်းစာတွေမှာ ကြော်ငြာ ထဲ့ရတာကတမျိုး၊ သုံးလ ပြေ့တဲ့နေ့မှာ သွားလေသူကို ရည်စူး ပြီးအလှူအတန်းလုပ် အမျှဝေရတာကတဖုံ၊ ခြောက်လပြေ့တဲ့ နေ့မှာတော့ ဘုန်းကြီးဘဲ ဝတ်တော့မလိုလို.... ပိတ်ဖြူဘဲ ဆီးတော့မလိုလို - တောဘဲထွက်တော့မလိုလို....နဲ့ သူကိုယ်တိုင် သာသနာ့ရိပ်သာ သွားပြီးတော့ ဥပုသ် ရက်ရှေ စောင့်ယင်း တရား အားထုတ်သဗျို။ ဒီကိစ္စတွေအားလုံးကို ဆောင်ရွက်ပေးခဲ့ရတာ ဟာလဲကျုပ်ဘဲပေါ့ဗျာ။ ကျုပ်ဟာသူ့ရဲ့လူယုံကြီးတပိုင်းကိုဖြစ်နေ

တော့တာပါဘဲ။ အဲ - ဒါပေမဲ့ ခုနကပြောသလို တနှစ်လောက်လဲ ကြာလာရော နောက်မိန်းမယူတော့မလိုလို လေသံပစ်လာတော့ တာပါဘဲ။ ဒါပေမဲ့ တကယ်တော့ မယူဖြစ်ဘူးဗျ။ သုံးနှစ်လောက် သာကြာလာတယ်။ ကျုပ်လဲဘဲ သူ့ခမျာနောက်မိန်းမ အယူရ ခက်နေရှာ ထင်ပါရဲ့လေဆိုပြီး ဒီအကြောင်းနဲ့ ပတ်သက်လို့ သူ့ကို ဘာမှမပြောဘဲ နေလာခဲ့မိတယ်။

"အဲ - တညတော့ဗျာ၊ သူနဲ့ကျုပ်နဲ့ မီးရထား ဟော်တယ်မှာ စားယင်းသောင်ယင်းနဲ့ သူက သူ့အတွင်းရေးတခု ကျုပ်ကိုဖွင့်ဟ တိုင်ပင်တယ်။ သူဟာ မထွားရင်ဆိုတဲ့မိန်းမပျိုကလေးတယောက် နဲ့တိတ်တိတ်ပုန်း ရနေတဲ့ အကြောင်းပေါ့ဗျာ။ မထွားရင်ဟာ မော်လမြိုင်မုဒုံဖက်ကဗျ။ မုဒုံမှာဘဲနေတယ်။ အစကတော့ယက် ကန်းသမကလေး တယောက်ဘဲ။ နောက်သူနဲ့တွေ့ပြီး ညားပြီးမှ သူ့ရဲ့ငွေကြေး အထောက်အပံ့နဲ့ ယက်ကန်းထောင် ပေးထား တယ်။ အော်- ဖြတ်ပြီးပြောလိုက်ရအုံးမယ်။ ကျုပ်တို့ရဲ့ ကုမ္ပဏီက အဲဒီမုဒုံက ထွက်တဲ့ လုံချည်တို့ စောင်တို့ကို လက်လီလက်ကား ဖြန့်ချိနေတဲ့ ကိုယ်စားလှယ်ဖြစ်သဗျ။ ရန်ကုန်ကနေ ကိုယ်ကြိုက် တဲ့ဒီဇိုင်းတွေကို ရေးရေးပေးပြီးတော့ ဟိုမှာ စပယ်ရှယ် ရက်ခိုင်း တယ်။ အတော်ကလေးလဲတွင်တွင် ကျယ်ကျယ်ရောင်းရတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျုပ်တို့သူဌေး ဦးဘထွန်းတင်ဟာ မော်လမြိုင်မုဒုံကို ဆယ့်ငါးရက်တခေါက်လောက် သွားသွားနေရ သဗျ။ အဲဒီလို သွားယင်း လာယင်း မထွားရင်နဲ့ တွေ့ပြီး ညားတာ ဘဲလို့ ဦးဘထွန်းတင်က ကျုပ်ကို ပြောပြတယ်။

"ကျုပ်က မထွားရင်ရဲ့အကြောင်း သူ့ကိုမေးတော့ သူက ပြုံးစိစိကလေးလုပ်ပြီးတော့ မထွားရင်ဟာ နာမယ်နဲ့လိုက်အောင် ကိုယ်လုံး ကိုယ်ပေါက် ဖွံ့ထွားကြောင်း၊ ရုပ်ရည်လဲ ချောမော ကြောင်း၊ သဘောသကာယလဲ အင်မတန်ရိုးသား စင်ကြယ် ကြောင်း၊ အသက်မှာ နှစ်ဆယ့် သုံးနှစ်သာ ရှိသေးကြောင်းဆို တာတွေကို ပြောပြသဗျ။

"ဒီတော့ ကျုပ်က- အင်း....လက်ထပ်ပြီး တင့်တောင့်တင့်တယ် မယူခင်တုန်းကတော့ ဒီလိုချည်းပြောကြတာပေါ့လေ။သိပ်လဲချီး ကျူးမြှောက်စား မနေပါနဲ့အုံး။ချီးကျူးမြှောက်စားစရာရှိယင်.... လက်ထပ်ယူပြီးတဲ့အခါကျမှဘဲ ချီးကျူး မြှောက်စားပါ သူဌေး ရယ်လို့ ပြန်ပြောမိလိုက်တယ်။

"အဲဒီအခါမှာ ဦးဘထွန်းတင်ဟာ ခေါင်းကို ဆတ်ကနဲ မော့ လိုက်ပြီးတော့'ဟင် ကျုပ်သူ့ကို လက်ထပ်ယူမယ်လို့ ဘယ်တုန်းက ပြောလို့လဲ။ သူ့ကို ကျုပ် ဘယ်နည်းမှ လက်ထပ် မယူဘူး။ ကျုပ် စဉ်းစားနေတာက သူ့ကို ဘယ်ပုံဘယ်နည်း ခွဲရမယ်ဆို တာဘဲဗျ။ တောသူ အရိုးအအလေးမို့ ကျုပ်သူ့ကို သနားတယ်။ ဒါပေမဲ့ ကျုပ်သူ့ကို မယူနိုင်ဘူး။ သူ့စိတ်နှလုံး ကျေကွဲပြီး သေပွဲ ဝင်မှာကိုလဲ ကျုပ်စိုးရိမ်မိတယ်။ အဲဒီအတွက် ဘယ်လို လုပ်ရယင် ကောင်းမလဲဆိုတာ ကျုပ်စဉ်းစားရခက်နေတယ် ကိုမောင်တင် ရယ်။အဲဒီအထဲ သူနဲ့ကျုပ်နဲ့ဖြစ်နေတဲ့အကြောင်းကို ဟိုတယောက် များသိသွားယင် ပြီးပါရောဗျာ။ ကျုပ်မှာ ဖွတ်မရဘဲ ခားမ ဆုံးမဲ့ ကိန်းဆိုက်ရတော့မှာဘဲ'လို့ ညည်းညည်းညူညူပြောလိုက်သဗျ။

"ရုတ်တရက်တော့ ကျုပ်လဲကြောင်သွားတာပေါ့ဗျာ။ ဟိုတယောက်ကများ သိသွားယင်....လို့ သူကပြောလိုက်တော့ ကျုပ်လဲကြောင်သွားတာပေါ့။ ဒါနဲ့ ယောင်ကန်းကန်းနဲ့ဘဲ။ 'ဟို တယောက်ဟုတ်လား၊ဘယ်ကတယောက်ပေါ်လာပြန်သလဲ သူ့ဒွေးရယ်' လို့ ရှင်းအောင် မေးလိုက်ရတော့တာပေါ့။

"ဒိတော့လဲ ဦးဘထွန်းတင်ဟာ ခနိုးခနဲ့ ပြုံးတဲ့ပြီး 'မအုံ့ညြနဲ့တော့ဗျာ၊ ကျုပ်တို့ချင်း မော်လမြိုင်ကိုသွားယင်းဘဲ လေယာဉ်ပျံပေါ်မှာ ဆုံခဲ့ကြတာဘဲ၊ တယောက်နဲ့တယောက် လေယာဉ်ပျံကွင်းမှာ စတွေ့ကြယင်း မြင်မြင်ခြင်းချစ်မိခဲ့ကြတာဘဲဗျို' လို့ပြောပြန်သဗျ။

"အဲဒီမိန်းမကတော့ ဒေါ်ကြည်ကြည်ဦးတဲ့ဗျ။ အသက်လေးဆယ်လောက်သာ ရှိသေးတဲ့ တခုလပ် မုဆိုးမတဲ့ဗျ။ ပစ္စည်းဥစ္စာကလဲအတော်ရှိတယ်။ ရုပ်ကလဲ အတော် ဖြောင့်တယ်လို့ ပြောသဗျ။ သူ့ ပဌမအိမ်ထောင် ပျက်သွားတာ တနှစ်ကျော်ကျော်လောက်ဘဲ ရှိအုံးမယ်လို့ ပြောတယ်။ မိန်းမက အပေါင်း အသင်းလဲကောင်းတယ်၊ လူ့ဂုဏ်တန် လောကမှာလဲ အင်မတန် ဝင်ဆံ့တယ်လို့ သိရသဗျ၊ကျုပ်လဲ – အင်း – တတ်လဲ တတ်နိုင်တဲ့လူပါ့ဗျာလို့စိတ်ထဲက အောက်မေ့လိုက်မိတယ်။

"အဲဒါအခုတော့ ကျုပ်မှာ အခက်တွေ့နေပြီ ကိုတင်၊ ငှက်နှစ်ကောင်ကို တခါထဲ ဖမ်းလို့လဲ မဖြစ်ဘူး။ တော်ကြာတကောင်မှမမိဘဲ နှစ်ကောင်စလုံး လွတ်ထွက်သွားမှ ကျုပ်မှာ မျောက် သစ်ကိုင်းလွတ်ဘဝရောက်နေပါအုံးမယ်" လို့ ညည်းညူလိုက်ပြန်သဗျ။

‘ဒီတော့ ကျုပ်က– “ဒါတော့ သူဌေးရယ် နှစ်ကောင်စလုံး ဘဲဖြစ်ဖြစ် တကောင်ထဲဘဲဖြစ်ဖြစ် ဖမ်းချင်ဖမ်း မဖမ်းချင်နေ....တနေ့နေ့တော့ တယောက်ယောက်က အနှေးနဲ့အမြန် သိကြတော့မှာဘဲ။ အဲဒီအခါမှ သူဌေးဒုက္ခဘဲ။ အံ့၊ အံ့ပါသေးရဲ့ခင်ဗျာ’ လို့ ပြန်ပြောလိုက်ရသဗျ။

‘အေးဗျာ ကျုပ်တော့ ခင်ဗျားပြောတဲ့အတိုင်း အခက်ကြုံနေပြီကော ကိုတင်။ ကျုပ်ကို အပြစ်တင်ချင်ယင်လဲ တင်တော့ဗျာ။ ခေါင်းလဲ ခဲနေပြီ။ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး။ ဟိုမချောကြည်ကြည်ဦးကလဲ ကျုပ်ဆီကို လာမယ်ချည်း တကဲကဲလုပ်နေသဗျ။ သူနေတာကလဲ တညင်မှာဆိုတော့ ရန်ကုန်ကို ရွှတ်ကနဲရွှတ်ကနဲ ရောက်ရောက်နေတာပေါ့။ တနေ့ကဘဲ ဖုန်းဆက်သေးသဗျာ၊ဒီတခါ ရန်ကုန်ရောက်ယင်တော့ကျုပ်ဆီကို ဆက်ဆက်ကြီးကိုဝင်ခဲ့မတဲ့ကိုတင်။ အဲဒါ ကျုပ်လဲ မကြံတတ်တော့ဘူး။ ကျုပ်ကိုအကြံဉာဏ်ကလေးများလဲ ပေးပါအုံးကိုတင်ရယ်’ လို့ ဦးဘထွန်းတင်က ညည်းညူ နားပူလိုက်ပြန်တယ်လေ။

“ကျုပ်ကလဲ ရက်ရက်ရောရောကြီးဘဲ အကြံဉာဏ် ပေးခဲ့ပါသဗျာ။တနာရီလောက်ကို ကြာမလား မပြောတတ်ဘူး။ဒါပေမဲ့ကျုပ်ပြောဆိုလို့လဲ ပီးရော ဦးဘထွန်းတင်ဟာ ခေါင်းကို တွင်တွင်သားခါတဲ့ပီး၊‘ကျုပ်လိုချင်တာ ဒီအကြံမျိုး မဟုတ်ဘူးကိုတင်’ တဲ့။ သူလိုချင်တာက မထွားရင်ကလေးကို ဘယ်လို ခွါထုတ်ပီးတော့ဒေါ်ကြည်ကြည်ဦးကိုဘယ်ပုံလက်ထပ်ယူရမယ်ဆိုတာတဲ့ဗျ။ အဲဒီလို လုပ်တဲ့အခါမှာ မထွားရင်ရော ဒေါ်ကြည်ကြည်ဦးရော



နှစ်ယောက်စလုံးဟာ ငြိုငြင်မှု ကန့်ကွက်မှုတွေ မရှိစေရဘူးတဲ့။ ဘယ်သူ့ ဘယ်သူမှ စိတ်ထိခိုက် ကြေကွဲတာမျိုးလဲ မဖြစ်စေရဘူးတဲ့။ကိုင်း–အဲဒီတော့ သူ့ကိစ္စက အကြပ်သားလားဗျ။

"နောက်တနေ့ နေ့လယ်လောက်မှာဘဲ ဒေါ်ကြည်ကြည်ဦးဟာ ကျုပ်တို့ရဲကုမ္ပဏီကို ရောက်လာတာပါဘဲ။ အင်း–ဦးဘထွန်းတင် ပြောတဲ့အတိုင်း အတော်ဖြောင့်တဲ့ မိန်းမဗျို့။ အသက်က လေးဆယ်သာဆိုတာ သုံးဆယ်မှပြေ့သေးရဲ့လားအောက်မေ့ရသဗျ။ ဦးဘထွန်းတင်ပြောထားလို့မှဆိုးမဆိုတာ သိထားနိုင့်လို့ပေါ့။ အမြင်ကတော့ အပျိုတယောက်လိုပါဘဲ–ဟဲ–ဟဲ။ဝတ်စားထားတာလဲကြော့လို့။ စိန်တွေ ရွှေတွေအပြည့်ပါဘဲ။ သူ့ကိုမြင်ရတော့ကျုပ်တို့ သူဌေးမင်း မြင်မြင်ခြင်း ချစ်မိကြိုက်မိတယ်ဆိုတာ ဟုတ်ပေမှာဘဲလို့ ကျုပ်အောက်မေ့မိလိုက်တယ်လေ။ အပြောက လဲချိုသဗျ။ ကျုပ်နဲ့တောင် မိတ်ဟောင်း ဆွေဟောင်းတွေလို အတော်ကြာကြာလေး စကားလက်ဆုံကျနေခဲ့ကြသဗျ။နောက်မှ သူလဲ ဦးဘထွန်းတင်ရှိတဲ့တိုက်အပေါ်ထပ်ကို တက်သွားရှာတယ်။

"အင်း–ဒေါ်ကြည်ကြည်ဦးဟာ ညနေ အလုပ်သိမ်းချိန်လောက်မှဘဲ အပေါ်ထပ်က ပြန်ဆင်းလာသဗျ။ သူ့နောက်က ဝတ်ကောင်းစားလှ ဝတ်ဆင်ပြီး ဆေးတံကို အမြိုင့်သား ခဲထားတဲ့ ဦးဘထွန်းတင်လဲ ပါလာတယ်။တမျက်နှာလုံးကိုပျားရည်လောင်းထားသလိုပါဘဲဗျာ။ ဒေါ်ကြည်ကြည်ဦးကလဲ နေ့လယ်ကထက်ကို ပိုလှနေသလားအောက်မေ့ရတယ်။

"ဦးဘထွန်းတင်ဟာ ကျုပ်ကို တွေ့တွေ့ခြင်းဘဲ တမျက်နှာလုံး



ပြုံးတဲ့ပြီး နေ့စဉ်စာရင်းပိတ် အပ်နေကျငွေတွေကို နောက်တနေ့ မနက်မှ အပ်ဖို့ပြောတယ်။ ပြီး–ဒေါ်ကြည်ကြည်ဦးနဲ့ အတူ သူ့ မော်တော်ကားရှိရာကို စုံတွဲ ထွက်သွားတော့တာပါဘဲဗျာ။ သွား ခါနီးမှာ ဒေါ်ကြည်ကြည်ဦးက ကျုပ်ကိုပြုံးပြီး နှုတ်ဆက်သွား သေးတယ်လေ။

"နောက်တနေ့မနက် ကျုပ် အလုပ်တိုက်ကို ရောက်သွားတော့ ဦးဘထွန်းတင်ဟာ အလုပ်ခွင်ကို မရောက်သေးဘူးဗျ။ သူ့ အိမ် လှမ်းမေးကြည့်တော့ သူ့ တပည့်ကလေးက သူဌေးအိပ်ရာက မထ သေးဘူးလို့ ပြောတယ်။

"ဆယ့်တနာရီလောက်ကျမှဦးဘထွန်းတင် ရောက်လာတယ်။ ရောက်ရောက်ခြင်း ကျုပ်ကို အခေါ် လွှတ်လိုက်တာပါဘဲ။ 'ညက အိပ်ပျက်လိုက်တာ ကိုတင်ရာ' လို့ ကျုပ်ကိုတွေ့တွေ့ခြင်းသူက ပြောတာပါဘဲ။ ကျုပ်က အလုပ်ကိစ္စနဲ့ မေးမြန်းပြောဆိုလေမ လားမှတ်ပါတယ်။ လားလား–ဘကြီးသား သူဌေးမင်းက 'လုပ် စမ်းပါအုံးကိုတင်ရာ' တဲ့ 'ကျုပ်တော့ဖြင့် ကြည်ကြည်ဦးကို အ မြန်ဆုံးလက်ထပ်ယူချင်ပြီ' တဲ့ဗျို့။ ကြည်ကြည်ဦးဟာ အင်မတန် သဝင်ကြောင်တတ်တဲ့ မိန်းမဖြစ်လို့မို့ မထွားရင်ကလေးနဲ့ သူနဲ့ဖြစ် နေတဲ့အကြောင်းကိုများ သိသွားယင် မိုးမီးလောင်တော့မတဲ့ဗျ၊ အဲဒါကြောင့် ကြည်ကြည်ဦးကို အမြန်ဆုံး လက်ထပ်ယူချင်သတဲ့။ မယူဘဲလဲ မနေနိုင်တော့ဘူးတဲ့။ သူတော့ အစွဲကြီး စွဲမိပြီတဲ့ဗျာ။ ကိုင်း–

"ဒါပေမဲ့ ဟိုခမျာ မထွားရင်ကလေးကို ဘယ်နဲ့ လုပ်မလဲ

လို့ ကျုပ်ကမေးလိုက်တော့ ဦးဘထွန်းတင်ဟာ မျောက်အိုကြီးလို မှိုင်ကျသွားတော့တာဘဲဗျ။

"ပြီးတော့မှ 'ဟုတ်တယ်ဗျာ သူကလေးအတွက် ကျုပ်လဲ ဘာလုပ်ရမှန်း မသိတော့ဘူး။ သနားတော့ သနားပါရဲ့။ ဒါပေမဲ့ ကျုပ်ကြည်ကြည်ဦးကိုဘဲ ယူချင်တယ်ဗျာ ။ အဲဒါ ခင်ဗျား ကြံဖန်စမ်းပါအုံး ကိုတင်ရာ' လို့ ကျုပ်ကို ပြောသဗျ။

"ကျုပ်လဲ ဘာတတ်နိုင်မှာလဲလေ။ကျုပ်က ငွေရေးကြေးရေး ကိစ္စမှာသာ ကျင်လည်တာ။ ဒီလို ကိစ္စမျိုးကျတော့ ကျင်လည်တာမဟုတ်ဘူး။ ဒီတော့ ဆိတ်ဆိတ်ဘဲ နေလိုက်တာပေါ့။ သူ ဌေးလဲ ထိုင်ရက်ကြီး ငိုင်နေတော့တာဘဲ။ ကျုပ်လဲ အသာပြန်ဆင်းလာခဲ့တယ်။

"အင်း–ဒီနောက်ပိုင်းမှာ ဒေါ်ကြည်ကြည်ဦးတယောက် က တော့ဗျာ ကျုပ်တို့ရဲ့ သူဌေးမင်းဆီကို သုံးလေးရက်တခါ ဆိုသလို ရောက်ရောက်လာတော့တာဘဲ။ တခါတလေလဲ ကျုပ်အလုပ်တိုက် မရောက်ခင်ကတဲက ရောက်နေတတ်ပီး နေအတော်ကြီးစောင်းမှ ပြန်သွားတတ်သဗျ။ တခါတလေလဲညနေစောင်းမှ ရောက်လာတတ်ပြီး၊ ရန်ကုန်မှာ ညအိပ် ညနေဆိုသလို နေသဗျ။

"အဲဒီနောက် တလနှစ်လလောက် ကြာသွားတဲ့ တနေ့မနက်မှာ ကျုပ်လဲ သွားနေကျအတိုင်း အလုပ်တိုက်ကို ကိုးနာရီ မထိုးခင် ရောက်သွားတယ်။ဦးဘထွန်းတင်ဟာ တိုက်ပေါက်ဝကနေပီးတော့ ကျုပ်ကို လည်တဆန့်ဆန့်နဲ့ စောင့်နေသဗျ။ သူ့မျက်နှာကြည့် ရတော့လဲအတော် စိတ်ချောက်ချားနေပုံရတယ်။ ကျုပ်ကို

အားရဝမ်းသာ ဆီးကြိုနှုတ်ဆက်လိုက်တဲ့ အခါမှာ အသံတွေတုန်နေရှာတယ်။ အင်း–တခုခုတော့ တခုခုဘဲလို့ ကျုပ်လဲစိတ်ထဲက အောက်မေ့လိုက်တယ်လေ။ ဟုတ်ပါတယ်၊ တကယ်လဲတခုခုပါဘဲ။

"ကျုပ် အလုပ်ခန်းထဲတောင် မဝင်ရသေးပါဘူးဗျာ။ သူက 'အင်မတန် အရေးကြီးတဲ့ ကိစ္စတခုပေါ်လာလို့ လိုက်ခဲ့စမ်းပါအုံး ကိုတင်ရော' လို့ဆိုပြီး ကျုပ်ကို သူ့ကားနဲ့ တင်ခေါ်သွားတော့တာဘဲဗျာ။ ဘယ်ကိုမှတ်သလဲ။ မီးရထားဟော်တယ်ကိုဗျ။ ကျုပ်လဲ ဘုဘမသိဘဲနဲ့ လိုက်သွားရတော့တာပေါ့။ ကျုပ်ဟာ မနက်ပိုင်းမှာရေကလွဲယင် ဘာမှ သောက်လေ့မရှိဘူး။ သောက်လို့လဲ မဖြစ်ဘူး။ တနေ့လုံး ငွေကိုင်ပြီး အလုပ်လုပ်နေရတဲ့ လူမဟုတ်လား။ ငွေရေး ကြေးရေးမှားယွင်းမိမှာကို အင်မတန်ကြောက်တယ်။ ဒါကြောင့် အမြဲဘဲ ဆင်ခြင်ခဲ့တယ်။ မနက်ပိုင်းမှာ ဘယ်တော့မှ သောက်စားလေ့ မရှိခဲ့ပါဘူး။ အဲ–အဲဒီနေ့မနက်တုန်းကတော့ မရပါဘူးဗျာ။ ဘယ်လိုငြင်းငြင်း သူကဇွတ်အတင်းတိုက်နေလို့နောက်ဆုံးမှာ မငြင်းသာတော့ဘဲ သောက်လိုက်ရတာဟာ ဘီယာနှစ်လုံးသာ ကုန်ပါရော သူ့ရဲ့အရေးတကြီးကိစ္စကို ဘာမှ မသိရသေးဘူးဗျ။

"ဒီတော့ ကျုပ်လဲ 'ဘယ့်နှဲ့လဲ သူဌေး အရေးကြီးတဲ့ ကိစ္စဆိုတာ ဒါလား'ဆိုပြီးပုလင်းကို လက်ညှိုးထိုး မေးလိုက် ရတော့တာပေါ့။ သူကတော့ ဝီစကီကို တခွက်ပြီးတခွက် မော့နေတုန်းဗျ၊ သူ့ဗိုက်ထဲ သုံးလေးခွက်လောက် ဝင်ပြီးတဲ့အခါကျမှ 'ပဟုတ်ပါဘူး ကိုတင်ရာ၊အရေးကြီးတဲ့ ကိစ္စကတော့ဟောဒါကလေးပါ၊ ကျုပ်တော့

ခေါင်း မီးတောက်နေပြီ’ လို့ဆိုပြီး အိတ်ထဲက သံကြိုးစကလေး တစောင်ကို ထုတ်ပြသဗျ။ နောက် သူက– ‘အဲဒီသံကြိုးစကို ကျုပ်မနေ့ညက အိမ်ပြန်ရောက်မှ ရသဗျ။ စောစောစီးစီး အိမ်ပြန်ရောက်လို့ သိရယင်လဲ အကောင်းသား။ ခုတော့ ကျုပ်အလည်ကြူးနေတာနဲ့ အားလုံး ဂွကျကုန်တာဘဲ။ ဒီသံကြိုးစဟာ ခင်ဗျားတို့ အလုပ် မဆင်းခင်ကထဲက ရောက်နေတဲ့ သံကြိုးစမဟုတ်လား။ မထွားရင်လေးလေ....မထွားရင်၊ သူဒီနေ့မနက် လေယာဉ်ပျံနဲ့ ရန်ကုန်ကို လိုက်လာမလို့တဲ့။ အဲဒါသူ့ကို လေယာဉ်ပျံကွင်းမှာလာကြိုပါတဲ့။ ကိုင်း–အဲဒါကျုပ် ဘယ့်နဲ့လုပ်ရမတုံး’ လို့ အသက်မှ မရှူနိုင်ဘဲ ကျုပ်ကို ပြောသဗျ။

“ဒီတော့ ကျုပ်က ရယ်ရယ်မောမောနဲ့ဘဲ‘အို ဘာခက်တာမှတ်လို့ဗျာ။ တကတဲ လေယာဉ်ပျံကွင်း ကားနဲ့သွားကြိုလိုက်ပြီးတော့ အိမ်ခေါ်လာပေါ့ သူဌေးရဲ့’ လို့ပြောလိုက်မိသဗျ။ ကျုပ်လဲ အဲလို ပြောလိုက်ရော သူဟာကျုပ်ကို မျက်လုံးပြူးကြည့်လိုက်ပြီးတော့- ‘ဟင်၊ ဒီလိုသာဖြင့် ခင်ဗျားကို ကျုပ်ခုလို တိုင်ပင်နေရော ဘာလိုသေးလဲကိုတင်၊ ခင်ဗျားပြောသလို မလွယ်လို့သာပေါ့ဗျာ။ ဒီနေ့မနက် ဆယ့်တနာရီထိုးမှာ ကြည်ကြည်ဦးနဲ့ ကျုပ်ချိန်းထားတယ်ဗျ။ ဆယ့်တနာရီ တည့်တည့်မှာ ကြည်ကြည်ဦး ကျုပ်ဆီကိုလာလိမ့်မယ်။ သူ့ကို မတွေ့လို့ မဖြစ်ဘူး။ သူချိန်းတာကို ကျုပ်ရက်ရွှေ့ခဲ့ရတာ နှစ်ခါ သုံးခါ ရှိသွားပြီ။ ဒီတခါများ ကျုပ်ပျက်ကွက်ယင် မိုးကိုတက်ပြီး မီးနဲ့ရှို့မဲ့ မိန်းမ။ မထွားရင်မော်လမြိုင် လေယာဉ်ပျံကလဲ ဆယ်နာရီလောက် ရန်ကုန်ရောက်မယ်။ အဲဒီတော့

သူတို့နှစ်ယောက် ဒီတိုက်မှာလာဆုံမိကြယင် မခက်ပေဘူးလား။ ကိုတင်၊ ဟင် မခက်ပေဘူးလား’ လို့ ရှူးရှူးရှားရှား ပြန်ပြောတော့တာပါဘဲ။

“ကျုပ်လဲ ပါးစပ်ဟသွားတယ်၊ ဘာပြန်ပြောရမှန်းမသိခဲ့ဘူး။ ဟုတ်တယ်လေ သူ့ ဟာက မရှူနိုင် မရှိုက်နိုင်ကြီးကို။ လေယာဉ်ပျံကွင်းကိုသွားမကြိုပြန်ယင်လဲဟိုခမျာကလေးတယောက် ယောင်လယ်လယ်နဲ့ဘယ်သွားလို့ ဘယ်လာရမှန်း သိမှာမဟုတ်ဘူး။ သွားကြိုပြန်ယင်လဲ အိမ်ကို ဆယ့်တနာရီကျော်မှ ပြန်ရောက်မယ်။ ကြည်ကြည်ဦးနဲ့ လွှဲအုံးမယ်။ ကြည်ကြည်ဦးက တေပေပြီး ထိုင်စောင့်နေယင်လဲ ရောက်လာတဲ့အခါ အူတိုမျိုး နှစ်ယောက်သား ဆုံမိကြပြီးကျုပ်တို့ သူဌေးခမျာ မယားနှစ်ယောက်ကြား ဗျာများနေရအုံးမယ်။ အင်း–အခက်ကြီးကို ခက်တော့တာပေါ့။

“ကျုပ်ကဘာပြန်ပြောရမလဲစိတ်ကူးနေတုန်းမှာဘဲ ဦးဘထွန်းတင်ကကျုပ်ကို ‘ဒီမှာကိုတင် ကျုပ်ကိုယ်စား ခင်ဗျားဘဲ လေယာဉ်ပျံကွင်းကို သွားကြိုပေးပါတော့ဗျာ၊ ကျုပ်ကိုမေးယင်တော့ အရေးကြီးတဲ့အစည်းအဝေးတခုတက်စရာရှိလို့ပြောဗျာ။ အင်း– တခုခက်တာက သူ့ သံကြိုးစာကို တင်ကြိုရရက်သားနဲ့ အစည်းအဝေးသွားတက်နေရသလားလို့ သူကမေးယင် ဘယ့်နဲ့လုပ်ပါ့မလဲ ကိုတင်’လို့ အပြစ်မကင်းသူပီပီ ကိုယ့်ဖက်က ဟာကွက် ချွတ်ယွင်းချက်ကလေးတွေကိုရှာဖွေတွေးပြီးတော့ စိုးရိမ်တကြီးနဲ့ ပြောလိုက်ပြန်သဗျ။

“ဒီတော့ကျုပ်က ပြုံးမိတယ်၊ ဟုတ်တယ်လေ၊ ဒါဟာခဲယဉ်း

တာမှတ်လို့။ ဒီလောက်တော့ ကျုပ်တတ်နိုင်ပါတယ်။ ဒါကြောင့် ‘ဒီမှာ သူဌေး၊ ဒီသံကြိုးစာကိစ္စတော့ ကျွန်တော့် တာဝန်သာ ထားပါ။ သံကြိုးစာကို ကနေ့မနက်မှရတယ်၊ သူဌေးလဲ အပြင် ထွက်သွားနှင့်ပြီ၊ ဒါကြောင့် ကျွန်တော်က သူဌေး ကိုယ်စား လာကြိုရပါတယ်လို့ ပြောလိုက်ယင် ဒီကိစ္စ မီးသေတာဘဲမဟုတ် လား။ ခုတလောသံကြိုးစာတွေကလဲ အရင်လိုလို ရိုက်ပါမှ တခါ တလေစာထည့်တာထက်တောင် နောက်ကျတတ်သေး မဟုတ် လား။ ဒီကိစ္စကလွယ်ပါတယ် သူဌေးရယ်၊ ဘာမှ မစိုးရိမ်ပါနဲ့’ လို့ ပြန်ပြောလိုက်ရတာပေါ့။

“ဒီတော့မှဘဲ ကျုပ်တို့ရဲ့ သူဌေးမင်းလဲ ရွှေမျက်နှာကြည်သာ လာပြီး—‘မောင်မင်းကြီးသား ခင်ဗျားကို ဒါကြောင့်လဲကျုပ်အား ကိုးတာပါဗျာ၊ ဒီမှာကိုတင်၊ ခင်ဗျားကျေးဇူးကို ကျုပ်တသက် မမေ့ပါဘူး။ ပို့မဲ့ပို့ကူးတို့ရောက်အောင်သာ ပို့ပါတော့။ မထွားရင် ကိုလေယာဉ်ပျံကွင်းကနေ ကြိုလာပြီးယင် ဟောဒီ မီးရထား ဟော်တယ်ကိုဘဲ ခေါ်လာပါ။ သူ့အတွက် ဒီဟော်တယ်မှာ တနေ့ တွက် အခန်းငှားထား ပေးလိုက်ပေါ့။ ကြည်ကြည်ဦး ပြန်သွားတဲ့ အခါမှာ ကျုပ်ခင်ဗျားဆီကို တယ်လီဖုန်း ဆက်လိုက်မယ်။ အဲဒီ တော့မှဘဲ ကျုပ်ဆီကို လိုက်လာခဲ့ကြပေါ့ဗျာ၊ ဟုတ်လား’ လို့ ကျုပ်ကိုပြောဆို စီစဉ်ပေးလိုက်သဗျ။

“အင်း - ပြီးတဲ့နောက် ဦးဘထွန်းတင်ဟာ ထိုင်နေရာကနေ ဖြုံးကနဲ ထရပ်လိုက်ပြီးတော့ သူ့လက်ကနာရီကို ကြည့်လိုက် တယ်။ ‘ဟာ ကိုတင်၊ ကိုးနာရီတောင် ခွဲတော့မယ်။ သွားမှဗျို



သွားမှ၊ ခင်ဗျားတော်ကြာ လေယာဉ် မမှီလိုက်ယင် အစီအစဉ် တွေအားလုံး ကိုးရိုးကားရား ဖြစ်ကုန်အုံးမယ်၊ ကိုင်းဗျာ၊ ဒီ ဟော်တယ်ရှေ့ကဘဲ တက်ဆီတစင်း ဆွဲသွားပေတော့၊ ကိုင်းကိုင်း- သွားဗျို့’ လို့ ကျုပ်ကို လောဆော်လိုက်တော့တာပါဘဲဗျာ။

“ကျုပ်လဲ ကမန်းကတန်းဟော်တယ်ရှေ့က အမိုးဝါ တက်ဆီ တစင်းကို တက်စီးပြီး လေယာဉ်ပျံကွင်းကို ဒုန်းစိုင်းထွက်ခဲ့ရ တော့တာပါဘဲ။ ထွက်လာလို့ ကုက္ကိုင်းလောက်ရောက်မှ ကျုပ်တို့ သူဌေးဆီက စရိတ်စကငွေကလေး ကြေးကလေး တောင်းခဲ့ဖို့ရာ ကိုသတိရတော့သဗျာ။ ကျုပ်လဲ ဒီတော့မှ မျက်လုံး ပြူးသွားပြီး ကျုပ်လက်စွဲတော် သားရေအိတ်ဇစ်ကို ဗြိကနဲ ဆွဲဖွင့်ပြီး ငွေရှာရ တော့တာပေါ့။အဲဒီလိုသားရေအိတ်ထဲမှာငွေရှာမိပါမှ ကျုပ်မျက် လုံးတွေဟာ ပိုပြီးတော့ ပြူးထွက်ခဲ့ရတော့တယ်လေ။ အင်း-ဒါ့ ကြောင့် ကျုပ်ပြောခဲ့တယ်မဟုတ်လား၊ အလုပ်ချိန်မှာရေကလွှဲ ယင်ဘာအရေမှ မသောက်ပါနဲ့လို့၊ ကိုင်း ခုတော့ ဘယ့်နဲ့ရှိစ၊ မလွှဲ သာ မရှောင်သာ ဇွတ်အတင်းငြင်းလို့ မရတာနဲ့ သောက်ခဲ့မိတာ အခုတော့ အမေ့မေ့ အလျော့လျော့ ဖြစ်ခဲ့ရပြီလေ။ မနေ့ ကဦးဘထွန်းတင် အပြင်သွားနေလို့ မအပ်ရသေးတဲ့ ငွေ သုံး ထောင်ကျော်ကျော်ဟာ ကျုပ်သားရေ အိတ်ထဲမှာ ပါလာခဲ့ပြီ။ ဒီငွေတွေ ဒီနေ့မနက် သူ့ လက်ကို အပ်ဖို့ဟာ သူကလဲမေ့ ကျုပ် ကလဲမေ့ ဖြစ်ခဲ့ရပြီ။ အင်း-ကောင်းပါကွာ။ ကျုပ်မှိုသာပေါ့ဗျာ။ တခြားလူသာဆိုယင် ဦးဘထွန်းတင်ခမျာ သူ့ ငွေတွေကို သတိရ တဲ့အခါမှာ ဘယ်လောက်များ စိတ်ပူမိရှာလိမ့်မလဲ၊ ဟင်း-။

"လေယာဉ်ပျံကွင်းမှာ ကျုပ် ဆယ်မိနစ်လောက်ဘဲ စောင့်နေခဲ့ရသဗျ။ လေယာဉ်ပျံလဲ အချိန်မှန် ဆိုက်လာတာပါဘဲ။ ဒါပေမဲ့ ခရီးသယ်တွေထဲမှာ မထွားရင်ကလေးကို ရှာဖွေဖို့ ကိစ္စကရှိသေးတယ်။ ကျုပ်လဲ အပေါက်ဝကနေ ဦးဘထွန်းတင် ပြောပြထားတဲ့ ရုပ်ရည်အဆက်ကို မှန်းဆပီးတော့ တယောက်ချင်း အကဲခတ်ရှာဖွေကြည့်ရတော့တာပေါ့။သိပ်ကြာကြာမရှာရပါဘူးဗျာ။ အလွယ်တကူဘဲတွေ့ခဲ့ပါတယ်။ ခရီးသယ်တွေထဲမှာ ငယ်ငယ် ရွယ်ရွယ် မိန်းမပျိုဆိုလို့နှစ်ယောက်သာ ပါလာသဗျ။အဲဒီနှစ်ယောက်မှာ တယောက်ကပေါက်ဖော်မကလေး ဖြစ်နေတော့ မထွားရင်ကို အလွယ်တကူဘဲ အကဲခတ် သိရှိနိုင်တော့တာပေါ့။ အင်း-ဟုတ်သဗျို၊ ဦးဘထွန်းတင်ပြောတဲ့အတိုင်းပါဘဲ။ မထွားရင်ကလေးဟာ နာမယ်နဲ့ လိုက်အောင် အတော်လေး ဖွံ့ဖွံ့ထွားထွား ရှိသဗျ။ သူ့ရုပ်ရည်လေးဟာ ချစ်စရာကောင်းတာထက် သနားစရာကပိုပါသဗျာ။ အင်း-ဒါပေမဲ့ စကားပြောရာကျတော့ ကြည်ကြည်ဦးဦး လိုမချိုသာဘူးဗျို၊ အဖွဲ့အနွဲ့လဲမရှိဘူး။ ခပ်ပြတ်ပြတ်ဘဲ။ ကျုပ်က အနားကပ်သွားပီး 'မထွားရင် မှတ်ပါတယ်' လို့ ပျူပျူငှာငှာမေးလိုက်တာတောင်မှ 'ဟုတ်တယ်ရှင့်' ဆိုတဲ့ စကားသုံးလုံးကလွဲလို့ဘာမှ ပြန်မပြောဘူးဗျ၊ သိလား။

"ကျုပ်လဲ မထွားရင်ကို ငါးမိနစ် ကြာကြာလောက် အကျိုးအကြောင်း ရှင်းလင်း ပြောပြနေရသေးတာပေါ့ဗျာ။ ဒါတောင် မဟာဝှာလေးက နှုတ်ခမ်းလေးထော်ပီး သူ့သံကြိုးစာအကြောင်းကို မကျေမနပ်နဲ့ ပြောနေသေးသဗျ။ သံကြိုးစာ ရရက်သားနဲ့



ဦးဘထွန်းတင် လာကြိုဖို့ ကောင်းသတဲ့။ ဒီတော့ ကျုပ်လဲ စောစောကတင်ကြိုစီစဉ်ထားတဲ့အတိုင်း သံကြိုးစာကို ကနေ့မနက် မှကပ်ရကြောင်း၊ ဦးဘထွန်းတင်မသိကြောင်း၊ သံကြိုးစာကိုဖတ် မသွားရကြောင်း၊ အစည်းအဝေးကို မနက်အစောကြီးကထဲက ထွက်သွားရကြောင်းတို့ကို မှင်သေသေနဲ့ လိမ့်ရတော့တာပေါ့ဗျာ၊ အင်း- လိမ်ပြောရတဲ့ ကိစ္စဟာ မျက်နှာတော့ အတော်ပူသားဗျ။ လိမ်ပြောရတာဟာသဲပညာတမျိုးဘဲ ထင်ပါရဲ့၊ အပြောရအတော် ခက်တယ်။

"ကျုပ်က အဲဒီလို ရှင်းလင်းပြောပြလိုက်တော့မှဘဲ မချော လေးလဲ ကျေနပ်သွားပြီးတော့ ကျုပ်နဲ့အတူ လိုက်လာခဲ့တော့ တယ်။ ဒါတောင် မီးရထားဟော်တယ်ကိုရောက်တော့ ဦးဘထွန်း တင်က ဒီတိုက်ကြီးမှာနေသလားလို့ ကျုပ်ကို မေးလိုက်သေးသဗျ။ ကျုပ်လဲ အခြေအနေကို ရှင်းလင်း ပြောပြရပြန်တာပေါ့ဗျာ။ ဦးဘထွန်းတင်ဟာ အိမ်ကထွက်သွားယင် အိမ်ကိုအမြဲတမ်း သော့ ပိတ်သွားကြောင်း၊ ကနေ့လဲ ညနေလောက်မှ ပြန်ရောက်မယ်ထင် ကြောင်း၊ သူပြန်ရောက်လောက်မဲ့ အချိန်ကျမှဘဲ သူ့ အိမ်ကို သွားမဲ့အကြောင်း၊ လောလောဆယ်တော့ ဒီဟော်တယ်ကြီးမှာ ဘဲအခန်းတခန်း ငှါးပြီးတော့ ခဏနေထိုင်ရမဲ့အကြောင်းတွေပေါ့ ဗျာ။ သူကတော့ 'ကောင်းမယ်ထင်သလိုသာလုပ်ရှင်' လို့ ပြန် ပြောသဗျ။ သိပ်တော့ ကျေနပ်ပုံ မပေါ်ဘူး ဦးဘထွန်းတင်ရဲ့အိမ် ကိုသာ သွားချင်နေပုံရတယ်။

"အဲဒါနဲ့ကျုပ်လဲ ဟော်တယ်မှာ အခန်းတခန်းငှါးပြီးတော့သူ့

ကိုအခန်းရောက်အောင် လိုက်ပို့ပေးရတယ်။ စာရေးတွေ ဘိုင်ကုလားတွေဟာ ကျုပ်တို့နှစ်ယောက်ကို မသိမသာကြည့်နေကြသဗျ။ တစိမ်းမိန်းမတယောက်နဲ့အတူ ဟော်တယ်ကို တက်သွားရတာအတော်တော့ ရှက်သွားဗျ။

"အင်း-အဲဒီနောက် ကျုပ်တို့နှစ်ယောက်သား ထမင်းစားခန်းဆင်းပြီးတော့ မနက်စာ မှာစားကြသဗျ။ မချောလေးကတော့ ကောင်းကောင်းတောင် မစားနိုင်ရှာပါဘူး။ လင်နဲ့ ဘေ့ချင်တဲ့စိတ်ဘဲ စောနေရှာတယ်ထင်ပါရဲ့။ ထမင်းစားပြီးကြလို့ ကျုပ်လဲဆိုင်စာရေးနဲ့ ပြောစရာရှိတာကလေးတွေ ပြောရအောင် တယောက်ထဲ ဘားခန်းထဲကို ထွက်လာခဲ့တယ်။ မထွားရင်ကတော့ ထမင်းစားခန်းထဲမှာ ခနကျန်ခဲ့တာပေါ့။ဘားခန်းထဲရောက်တော့ လားလား ဦးဘထွန်းတင်ရဲ့ လူယုံတပဲ့ကလေးကို စားပွဲ တလုံးမှာထိုင်နေတာတွေ့ရတယ်။ ကျုပ်လဲ အံ့အားသင့်သွားတာပေါ့။

"ကျုပ်က 'ဟိတ်- မင်း ဒီဘာလာလုပ်တာလဲကွ' လို့ မေးလိုက်ပါမှ ကိုယ်တော်မြတ်က ပြုံးစိစိလုပ်ပြီး 'ကျွန်တော်သိပါတယ်ဆရာ၊ ဆရာဘို့စုံတွဲ အပေါ်ထပ် တက်သွားကထဲက ကျွန်တော်မြင်ပါတယ်။ နောက် အတော်ကလေးကြာတော့ ဆရာတို့နှစ်ယောက် ထမင်းဆင်းစားကြတယ် မဟုတ်လား-ဟဲဟဲ၊' ပြောနေပါရောဗျာ၊ ကျုပ်လဲ မျက်စိမျက်နှာ အပျက်ပျက်နဲ့ပေါ့။ အကြောင်းမှန်ကို ဖွင့်ပြောဖို့ကလဲခက်၊ သူ စွပ်စွဲတာကို ငြိမ်ခံနေရတာပေါ့။

"ဒီလိုနဲ့ ငါးမိနစ်တောင် မကြာပါဘူး၊ ကျုပ်လဲ မထွားရင်ရှိရာ ထမင်းစားခန်းထဲကို ပြန်ရောက်သွားတယ်၊ ဘယ်အချိန်ကတဲက

စိတ်ကူးနေမှန်းမသိပါဘူး၊ ကျုပ်ရောက်သွားတယ်ဆိုယင်ဘဲ 'ဦးဘထွန်းတင်ဆီကို သွားကြပါစို့' လို့ ဆီးပြောတော့ တာပါဘဲ။ ရော- တခါတော့ဖြင့် ခက်ကြပေါ့လို့ ကျုပ်လဲ အောက်မေ့မိလိုက်တယ်။နောက်မှ ဖြုန်းဆို ခေါင်းထဲ အကြံတခုပေါ်လာတယ်။ဒါနဲ့ 'အခုမသွားနဲ့အုံး မထွားရင်၊ ဟော - ရုပ်ရှင် ဆယ့်နှစ်နာရီခွဲပွဲ မှီသေးတယ်။လာလာ-ရုပ်ရှင်သွားကြည့်ရအောင်၊ ရုံကအအေးစက်တွေတပ်ထားတဲ့ ခေတ်မှီရုံသစ်ကြီး၊ ဖွင့်တာလဲ ဘာမှ မကြာသေးဘူး။ အဲဒီရုပ်ရှင်က အပြန်ကျတော့မှ ဦးဘထွန်းတင်ဆီ သွားရအောင်။ သူလဲ သုံးနာရီ သုံးနာရီခွဲလောက်ဆိုယင် ပြန်ရောက်လောက်ပါပြီ' လို့ ပြောပြီး လမ်းထိပ်က ရုပ်ရှင်ရုံသစ်ကြီးကို ထွက်ခဲ့ကြတာပါဘဲဗျာ။ မချောလေးက တယ်ကြီးလိုက်ချင်ပုံမရပေမဲ့ ရုပ်ရှင်ကြည့်ရမယ်ဆိုတာနဲ့ စိတ်ပြေလက်ပျောက် ဖြစ်သွားတယ်ထင်ပါရဲ့၊ ပြုံးပြုံးရွှင်ရွှင်လေး ဖြစ်လာရှာတယ်။ ကျုပ်လဲ ဟိုငွေ သုံးထောင်ကျော်ထဲက ဘဲပေါ့၊ သုံးကျပ်ခွဲတန်းက လက်မှတ်နှစ်စောင်ယူပြီးတော့ ရုပ်ရှင် ဝင်ကြည့်လိုက်ကြတယ်။

"ရုပ်ရှင်ပြီးလို့ ဟော်တယ်အခန်းကို ပြန်ရောက်တော့ သုံးနာရီနဲ့ငါးမိနစ်တောင် ရှိနေပြီဗျ။ မထွားရင်ကတော့ သူ့ပစ္စည်းလေးတွေကို သိမ်းဆည်းနေလေရဲ့။ ဦးဘထွန်းတင်ဆီကို သွားတော့မှာမို့လေ။ ဒါပေမဲ့ ကျုပ်မှာတော့ အကြီးအကျယ် ချောက်ကျနေတာပေါ့။ ဦးဘထွန်းတင်က ကြည်ကြည်ဦး ပြန်သွားလို့ အားလုံးစိတ်ချလက်ချရှိလောက်တဲ့ အခါမှာ ကျုပ်ဆီကို တယ်လီဖုန်းဆက်လိုက်မယ်လို့ ကျုပ်ကိုမှာထားပြီးသား မဟုတ်လား။ ကျုပ်တို့ရုပ်

ရှင်ကပြန်ရောက်တဲ့အခါ ဟော်တယ်စာရေးကို မေးကြည့်တော့လဲ ဘယ်သူ့ဆီကမှ တယ်လီဖုန်းမခေါ်ပါဘူးတဲ့။ အဲဒီတော့ မခက်ဘူးလား၊ ကျုပ်အဖို့ ဦးဘထွန်းတင်ဆီက စကားကို စောင့်ရအုံးမယ်မဟုတ်လား။ ဒါပေမဲ့ မထွားရင်က တော့ သူ့ပစ္စည်းတွေကို သိမ်းနေဘိ။ ဒီကြားထဲကနေ မျက်နှာကလေး ပြုံးပြုံး ပြုံးပြုံးနဲ့ ကျုပ်ကိုလဲ လှဲ့လှဲ့ကြည့်လိုက်သေး သဗျ။ လင်နဲ့တွေ့ရတော့မှာမို့အတော်ကြီး ဝမ်းသာနေရှာဟန် တူပါရဲ့ဗျာ။ ကျုပ်ကတော့ သူ့ကိုဘဲ ငိုင်ကြည့်နေမိခဲ့တယ်။ဘယ်လို အချိန်ဆွဲရပါ့မလဲလို့လဲ စဉ်းစားနေခဲ့တယ်။

"အဲဒီအချိန်မှာဘဲ ကလစ်ခနဲ တံခါးပိတ်သွားတဲ့ အသံကို ကြားလိုက်ရလို့ ကျုပ်တို့ နှစ်ယောက်စလုံးဟာ ဒိတ်ကနဲ ဖြစ်သွားကြတာပေါ့။ တံခါးဆီကို ပြေးပြီး တံခါးကို ဆွဲဖွင့်လိုက်ပြန်တော့ လဲလှုပ်တောင်မှ မလှုပ်ဘူးဗျ။ အပြင်ကနေ တယောက်ယောက်က သော့ပိတ်သွားတာ အမှန်ဘဲ။ ဘွိုင်ကုလားများ မှားပြီးတော့ သော့ပိတ်သွားသလားလို့ ကျုပ်စိတ်ထဲမှာ အောက်မေ့မိလိုက်တယ်။ ဒါနဲ့ မထွားရင်ဆီမှာ အခန်းသော့ကို လှမ်းတောင်းလိုက်တော့ သူက အပြင်သော့ပေါက်မှာဘဲ သော့တန်းလန်းထားခဲ့မိတဲ့ အကြောင်း ကျုပ်ကို ပြန်ပြောသဗျ။ ကျုပ်လဲ သေဟဲ့ နန္ဒိယဆိုပြီးတော့ ထိုင်မိထိုင်ရာ ခုတင်ပေါ်မှာ ထိုင်ချမိလိုက်တာပေါ့။ အဲဒီအခါမှာ မထွားရင်ဟာ မျက်လုံး မျက်ဆန် ပြူးသွားပြီးတော့ 'ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ၊ ရှင့်အကြံကို ခုမှဘဲ သိရတယ်' လို့ ဆိုပြီးတော့ ရှိုက်ရှိုက် ငိုတော့တာပါဘဲဗျာ။ ကျုပ်လဲ ထိုင်

မြွေခဲခံရတာလို မျက်လုံးတွေပြာဝေကုန်ပြီး ဘာလုပ်ရမှန်းလဲ မသိတော့ဘူး။ ဘာရှင်းပြရမှန်းလဲ မသိတော့ဘူး။ ခုတင်ပေါ်မှာ ဘဲထိုင်လိုက် ထရပ်လိုက် ဖြစ်နေတော့တာပေါ့။ ဒီကြားထဲ ကျုပ်ထရပ်လိုက်ပလားဆိုယင် မချောလေးက- 'ရှင် ကျမနား မကပ်နဲ့နော်၊ ကျွန်မ အော်လိုက်မယ် သိလား' လို့ ဆိုနေတော့ ကျုပ်မှာ ပိုပြီးတော့ အခက်တွေ့နေတာပေါ့။

"အဲဒီလိုနဲ့ ဘယ့်လောက်ကြာသွားတယ်မသိပါဘူး။သိပ်တော့ မကြာဘူးလို့ ထင်တာဘဲ၊ အပြင်ကနေ တံခါးကို တဘုံးဘုံးထုလိုက်တဲ့အသံတွေရယ်၊ ဖွင့်စမ်းဟေ့ ဖွင့်စမ်း ဆိုတဲ့အသံတွေရယ် ကြားရတာနဲ့ ကျုပ်လဲ တံခါးပေါက်ဆီကို ပြေးသွားမိတယ်။ နောက်ခဏမှာတော့ အခန်းတံခါးဟာ ကလစ်ကနဲ ပြည်သွားပြီးတော့ပွင့်သွား တယ်။ အခန်းပေါက်ဝမှာလဲ မျက်နှာသုံးခုဟာပြူးကြောင်ကြောင်နဲ့ ပေါ်လာကြတယ်။ တယောက်ကကျုပ်မိန်းမ၊ နောက်တယောက်က ဦးဘထွန်းတင်၊ တခြားတယောက်က ဦးဘထွန်းတင်ရဲ့ တပဲ့ကလေး။ ကျုပ်လဲ- 'ဘုရားရေ' လို့ ပါးစပ်က လှစ်ခနဲ ထွက်သွားပြီး နောက်ကို ခြေတလှမ်းဆုတ်လိုက်မိသွားတယ်။

"ကျုပ်မိန်းမဟာ အခန်းထဲကို ရှေ့ဆုံးက တိုးဝင်လာပြီးတော့- 'ဟင်း၊ အခုမှ ဘုရားတနေသေးသလား။ အပျော်ကြူးချင်သလို ကြူးပြီးလို့ အားရမှ ဘုရားတသတဲ့တော်' လို့ ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးတော့တာပါဘဲဗျာ။ ကျုပ်လဲ ဘာပြန်ပြောရမှန်းမသိတော့ဘူး။ မထွားရင်ကလေးကိုသာညွှန်ပြပြီးတော့-' ဒါ ဒါ ဦးဘထွန်းတင်ရဲ့ ဟဝ့်ပါ၊ဟဝ့်ပါ'လို့ပြောနေမိတော့တယ်။ဒီတော့



ကျုပ်မိန်းမက 'အေး လေ ဦးဘထွန်းတင်ရဲ့ ဟဝှါဘဲဖြစ်ဖြစ် ဘယ်သူ့ ဟဝှါဘဲဖြစ်ဖြစ် ရှင်နဲ့ တခန်းထဲ ပိတ်မိနေတာကို ရှင်ဘာပြောအုံးမလဲ။မုန့်လာဥ လုပ်ချင်သေးသလား၊ ဟင်း-ကျုပ်ကို ဘယ်လိုမိန်းမစားမျိုး မှတ်လို့လဲလို့ အစွယ်ငေါ်ငေါ်နဲ့ ဘီလူးကြိမ်းကြိမ်းတော့တာပါဘဲဗျာ။

"ဒီတော့မှ ကျုပ်လဲ- 'ကိုင်း-မထွားရင် မင်းဇာတ်ကို မင်းရှင်းပေတော့' လို့ ပြောလိုက်ရတော့တယ်။ အဲဒီအခါမှာ မထွားရင်လေးလဲ မျက်ရည်တွေကို သုတ်ပြီးတော့ ဦးဘထွန်းတင်ဆီကိုပြေးသွားတယ်။ ဒါပေမဲ့ ဦးဘထွန်းတင်က သူ့ကို လက်နဲ့ဆီးပြီးတော့တွန်းပစ်လိုက်တယ်ဗျ။ ပါးစပ်ကလဲ-'ဟင် တယ်တော်တယ်၊ နှစ်ယောက်စလုံး တယ်တော်ကြတယ်။ ကျုပ်ကတော့ နှစ်ယောက်စလုံးကိုယုံပြီးတော့အခုလို အကြိုလွှတ်ပါတယ်။ဟင်း-လက်စသတ်တော့ နှစ်ယောက်သားအကြည်ဆိုက်နေကြတာကိုး၊ ကျုပ်မှာဖြင့်ရောက်ချိန်တန်လို့ မရောက်တော့ အမျိုးမျိုး တွေးပြီး ပူပန်လိုက်ရတာ တခုခုဖြစ်လို့လား၊ကားဘဲ တိုက်နေသလားနဲ့။ခုတော့ဒီဟော်တယ်မှာ လာပြီးတော့ အကြိုက်တွေ့နေကြတာကိုး၊' လို့ရေရွတ်လိုက်သေးသဗျ။

ကျုပ်ဆိုတာတော့ အံ့အား အသင့်ကြီး သင့်နေတော့တာပေါ့။အဲဒီလို အံ့အားသင့်နေတုန်းမှာဘဲ မထွားရင်ကလေးက'ဟင်ဒါဖြင့် ကျွန်မရိုက်လိုက်တဲ့ သံကြိုးစာကို ရတာပေါ့နော်" လို့ ဦးဘထွန်းတင်ကို မေးလိုက်သဗျ။ အဲဒီတော့ ဦးဘထွန်းတင်ကအိတ်ထဲက သံကြိုးစာရွက်ကို ထုတ်ယူလိုက်ပြီးတော့- 'ရတယ်လေ၊

ဟောဒီမှာ ပနေ့ညနေကထဲကရတယ်’ လို့ ပြန်ပြောလိုက်သဗျ။ မထွားရင်လဲ ကျုပ်ကို ဇပ်ကနဲ လှဲ့ကြည့်လိုက်ပြီးတော့၊ ‘ဟင်း-ဒါနဲ့ ရှင်ကပြောတော့ မရဘူးဆို၊ ဒါတွေဟာ ရှင့်အကြံချည်းဘဲ ပေါ့လေ’လို့ကက်ကက်လန်အောင် ရန်တွေ့တော့တာဘဲဗျို့။ကျုပ်မှာတော့ ကျောက်ရုပ်ကြီး တရုပ်လို ဖြစ်နေတော့တာပါဘဲဗျာ။ ခြေလက်တွေလဲ လှုပ်လို့မရတော့ဘူး။ ပါးစပ်ကလဲ ဘာမှ ပြောမထွက်တော့ဘူး။ ဒီကြားထဲပိန်းပက ဗိုက်ခေါက်ကို လိမ်လိမ်ပြီး ဆွဲဆိတ်နေသေးသဗျ။

“အဲဒီလို ဖြစ်နေတုန်း ဦးဘထွန်းတင်က ‘ကိုင်းမထွားရင် မင်းဘာပြောချင်သေးသတုန်း၊မထူးပါဘူးကွာ၊မုန်လာဥလုပ်မနေချင်ပါနဲ့တော့၊ လက်ပူးလက်ကြပ် မိတ်မိနေမှဘဲဟာ၊ မင်းမှာ အပြစ်ရှိတယ်ဆိုတာငြင်းမနေချင်ပါနဲ့တော့။ ဒီတော့ မင်းထိုက်နဲ့မင်းကံ၊ ကနေ့ကစပြီးတော့ မင်းဟာ ကျုပ်နဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး။ ကျုပ်နဲ့ ဘာမှ မဆိုင်တော့ဘူး။ ကျုပ်လဲ မင်းနဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူး၊ မင်းနဲ့ ဘာမှ မဆိုင်တော့ဘူး။ ကြားလား-နားလယ်လား’ လို့ မထွားရင်လေးဘက်ကိုလှဲ့ပြီး ပြောလိုက်သဗျ။ မထွားရင်လေးလဲ တရှုတ်ရှုတ်ငိုနေတော့တာပါဘဲဗျာ။

“အဲဒီနောက် ဦးဘထွန်းတင်ဟာကျုပ်ဘက်ကိုလှဲ့လိုက်သဗျ။ ပြီးတော့ ‘ဒီမှာကိုမောင်တင်၊ ခင်ဗျားဟာ ကျွန်တော့မျက်နှာကိုမှ မထောက်ထားဘဲ အတော်အကြံ ပက်စက်တဲ့လူဗျာ။ ခင်ဗျားက ကြောင်းဆိုနဲ့ ကြောင်းကြော်တာပေါ့လေ မဟုတ်လား၊ ကိုင်းကိုင်း-ဘယ်မလဲ ကျုပ်ငွေတွေ၊ မနေ့ကတဲက မအပ်သေးဘဲထားတဲ့ငွေ

တွေ့လေ။ အကြံပက်စက် စကောလောက်ပု စောက်မနက်တဲ့လူ ဗျာ။ ရှိပါစေတော့ ရှိပါစေတော့၊ ခင်ဗျားက မထောက်ထားပေမဲ့ ကျုပ်ကဘဲပြန်ပြီးတော့ ငဲ့ညှာလိုက်ပါအုံးမယ်။ မယားခိုးမှုကိုဘေး ဖယ်ထား၊ ကျုပ်ငွေတွေကို လစ်ပြေးတာတခုထဲနဲ့ ခင်ဗျားဒုက္ခတွေ့ နိုင်နေဘိဗျ။ ဒါပေမဲ့ ကျုပ် မရက်စက်ချင်ပါဘူးဗျာ။ ကျုပ်ငွေ တွေကိုသာ ပြန်ပေးပါ။ မယားဆိုး မယားမိုက်ကိုတော့ ကျုပ် ပစ် ပယ်လိုက်ပါပြီ။ အဲဒါ ခင်ဗျားတို့ အချင်းချင်းသာ ကြည့်ရှင်းကြ ပေတော့’ လို့ပြောပြီး ကျုပ်ဆီကငွေတွေကို ယူသွားတော့တာပါ ဘဲဗျား။

“မထွားရင်ကလေးလဲ အဲဒီနေ့ညက ဘူတာရုံမှာအိပ်ပြီးတော့ နောက်တနေ့မနက် စောစောရထားနဲ့ မော်လမြိုင်ကို ပြန်သွားရှာ တယ်။ ကျုပ်ဗျာ-ခမျာမကလေးကို သနားလွန်းလို့ အဲဒီနေ့ညက အိမ်မှာတဲ့ဖို့ခေါ်ခဲ့ချင်ပါရဲ့။ ဒါပေမဲ့....ဒါပေမဲ့....ခင်ဗျားတို့ သိတဲ့ အတိုင်းပေါ့ဗျာ။ ဘယ် ဖြစ်တော့မလဲ။ နောက်တနေ့မနက် [illegible] စောကြီးမှာတောင် ဘူတာရုံကိုသွားပြီးတော့ သူ့ကို နှုတ်ဆက် ယင်း အကြောင်းစုံကို ရှင်းလင်းပြောပြမယ် ကြံပါသေးရဲ့။ ဒါပေ မဲ့ကျုပ်မိန်းမကအိမ်တံခါးတွေကို ညကတဲကသော့ပိတ်ပြီး တညလုံး မအိပ်ဘဲကျုပ်ကိုထိုင်စောင့်နေခဲ့လို့ဘာမှ မတတ်နိုင်တော့ဘူးဗျို့။

“အင်းလောကကြီးမှာ ကိုယ့်ဖက်ကချည်း စိတ်ကောင်းက လေးတခုထားရှိရုံနဲ့ မပြီးသေးဘူးဗျို့၊ မပြီးသေးဘူး”ဟုဆိုကာပြည် ကြီးအောင်ကုမ္ပဏီမှ ငွေကိုင်စာရေးကြီး ဟောင်း ဦးပေါင်ပေါင် တင်သည် သူ့ဝတ္ထုကို အဆုံးသတ်လိုက်လေ၏။ ။

---

စာပေဗိမာန် ပုံနှိပ်တိုက် ၃၆၁-ပြည်လမ်းတွင် ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက တာဝန်ခံ ထုတ်ဝေသည်။

ကမ္ဘာကျော် စာရေးဆရာကြီးများ၏ လက်ရာတွေကို
ဖတ်လိုကြသလား

ပြည်သူ့လက်စွဲစာစဥ်မှ ဘာသာပြန် ဝတ္ထုကောင်းတွေကိုဖတ်ပါ

## ကမ္ဘာပတ်လည်ရက်ရှစ်ဆယ်

ပြင်သစ်စာရေးဆရာကြီး ဂျူး(စ)ဗန်း၏
"ROUND THE WORLD IN EIGHTY DAYS" ဝတ္ထု
**သခင်ဘသောင်း မြန်မာပြန်သည်**
**အဖိုး-၁ကျပ်**

---

## ဓါးစာခံ

အင်္ဂလိပ် စာရေးဆရာကြီး ,ချား(စ)ဒစ်ကင်း၏
"A TALE OF TWO CITIES" ဝတ္ထု
**သိပ္ပံစိုးလှ မြန်မာပြန်သည်**
**အဖိုး ၁-ကျပ်**

---

## ထွက်ပေါက်

အင်္ဂလိပ် စာရေးဆရာကြီး ဆမ္မားဆက်မောင်၏
"THE DOOR OF OPPORTUNITY" ဝတ္ထု
**ဗိုလ်အေးမောင် မြန်မာပြန်သည်**
**အဖိုး ပြား-၅၀**